# ၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၁။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေတွင်ပါရှိသည့်—

(က) " တရားလွှတ်တော်ချုပ် " ဆိုသည့် စကားရပ်အစား၊ " နိုင်ငံတော်တရားရုံးချုပ်၊ "

(ခ) "နိုင်ငံတော်တရားဝန်ကြီးချုပ် " ဆိုသည့် စကားရပ် အစား၊ "နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ်၊ "

(ဂ) " တရားလွှတ်တော်ချုပ် တရားဝန်ကြီး " နှင့် "တရားလွှတ်တော် တရားဝန်ကြီး " ဆိုသည့် စကားရပ် အသီးသီး အစား၊ "နိုင်ငံတော် တရားရုံးချုပ်တရားသူကြီး၊ "

ဆိုသည့်စကားရပ်တို့ကို ထည့်သွင်းရမည်။

၃။ ။ယခင်စစ်ဘက်အယူခံတရားရုံးတွင် မပြီးပြတ်ဘဲကျန်ရှိ နေသေးသော အယူခံမှုများကို ဤဥပဒေ ပုဒ်မ ၂ ဖြင့် ပြင်ထားသော ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၂၁၁ အရ၊ ဖွဲ့စည်းသည့် စစ်ဘက်အယူခံတရားရုံးက မိမိ စတင်ကြားနာစစ်ဆေးဘိသကဲ့သို့ ဆက်လက်ကြားနာစစ်ဆေးရမည်။